ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၅ / ၂၀၂၂

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

( ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

## ၂၀၂၂ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် "၂၀၂၂ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ " ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးမောင်မောင်အုန်း<br>ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးမင်းသိန်းဇံ<br>ပြည်ထောင်စုဝန်ကြီး<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒေါက်တာမောင်မောင်နိုင်<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဃ) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (င) | ဗိုလ်ချုပ်စိုးတင့်နိုင်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးမောင်မောင်ဝင်း<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ဦးထွန်းအုံ အဖွဲ့ဝင်
ဒုတိယဝန်ကြီး
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဇ) ဦးအောင်ကျော်ထွန်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ဦးဇော်ဝင်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(ည) ဒေါက်တာအေးထွန်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(ဋ) ဦးမင်းထိန် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဌ) ဦးဇော်အေးမောင် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဍ) ဗိုလ်ချုပ်ကိုလေး အဖွဲ့ဝင်
ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်

(ဎ) ဗိုလ်ချုပ်မျိုးသန့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး

(ဏ) ဒေါ်နိုင်သက်ဦး အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(တ) ဦးမျိုးအောင် အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ထ) ဗိုလ်မှူးကြီး ကျော်ဝင်းနိုင် အဖွဲ့ဝင်
ရေတပ်သင်္ဘောကျင်းဌာနချုပ်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)

(ဒ) ဦးရဲတင့် အတွင်းရေးမှူး
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

(ဓ) ဦးမျိုးမြင့်မောင် တွဲဖက်အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
ပြန်ကြားရေးဝန်ကြီးဌာန

၂။ ၂၀၂၂ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ အနှစ်သာရရှိစွာဖြင့် ကျင်းပနိုင်ရေးဆောင်ရွက်ခြင်း၊

(ခ) စိန်ရတုအထိမ်းအမှတ်အဖြစ် ခမ်းခမ်းနားနား၊ စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဂ) တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ပြသနိုင်သည့် လုပ်ငန်းများအား ဆောင်ရွက်ခြင်း၊

(ဃ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာစေရေး အလေးထား ဆောင်ရွက်ခြင်း၊

(င) စိန်ရတုပြည်ထောင်စုနေ့ကို ပြည်သူများ မှတ်မှတ်ထင်ထင်သိရှိပြီး ပြည်ထောင်စုစိတ်ဓါတ် ပိုမိုထွန်းကားပြန့်ပွားစေရေးဆောင်ရွက်ခြင်း။

၃။ ကော်မတီသည် လုပ်ငန်းများ စနစ်တကျဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီများ လိုအပ်သလိုဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး